Funded by: UKaid

Towards Results in Education & English

# အားလုံးအကျုံးဝင်သင်ကြားရေးအလေ့အကျင့်

## သင်တန်းဆရာလမ်းညွှန်



Source: VSO Image library

# သင်ရိုးပိုင်း ၆

## ထိရောက်စွာ မေးခွန်းမေးခြင်းနှင့် တုံ့ပြန်ဖြေကြားခြင်း

Implemented by: British Council, The Open University, VSO, montrose

# သင်ရိုးပိုင်း ၆။ ထိရောက်စွာ မေးခွန်းမေးခြင်းနှင့် တုံ့ပြန်ဖြေကြားခြင်း

## ခြုံငုံသုံးသပ်ချက်

အပြုသဘောဆောင်ကာ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို သင်ယူသူအားလုံးအတွက် မည်သို့ ဖန်တီးနိုင်ကြောင်း ကြည့်ရှုလေ့လာသည့် **သင်ရိုးပိုင်း ၁၅ ခုမှ ဆဋ္ဌမပိုင်း**ဖြစ်ပါသည်။ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ကြားရေး အလေ့အကျင့်များသည် ၂၁ ရာစု ကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်ရေး၊ ပူးပေါင်း ဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို မည်ကဲ့သို့ အားပေး၊ ပျိုးထောင်၊ အသုံးပြုမည်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါမည်။ ဤသင်ရိုးပိုင်းများသည် မြန်မာနိုင်ငံရှိ ပညာသင်ကြားသူများနှင့် ပညာရေးကိုလေ့လာသင်ယူနေသူများအတွက် ဖြစ်ပါသည်။ ကျောင်းသူ/သားနှင့် သင်ယူသူဟူသော ဝေါဟာရများကို သင်ရိုးပိုင်းတစ်လျှောက် လဲလှယ်သုံးစွဲသွားပါမည်။

| သင်ရိုးပိုင်း အမှတ် | သင်ရိုးပိုင်းခေါင်းစဉ် |
|---|---|
| ၁ | အားလုံးအကျုံးဝင်သည့် ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မဟူသည် အဘယ်နည်း |
| ၂ | သင်ယူသူများကိုသိရှိခြင်း |
| ၃ | အားလုံးအတွက် သင်ယူမှုရလဒ်များကို စီစဉ်ရေးဆွဲခြင်း |
| ၄ | သင်ယူသူဗဟိုပြုချဉ်းကပ်နည်းများဖြင့် ပါဝင်ခြင်း |
| ၅ | အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ဖန်တီးခြင်း |
| **၆** | **ထိရောက်စွာ မေးခွန်းမေးခြင်းနှင့် တုံ့ပြန်ဖြေကြားခြင်း** |
| ၇ | တက်ကြွစွာပါဝင်ခြင်း |
| ၈ | အချင်းချင်းထံမှသင်ယူခြင်း၊ ပါဝင်ကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့်သင်ယူခြင်း |
| ၉ | ကျောင်းသူ/သားတို့၏ စိတ်ခံစားချက်နှင့် လူမှုကိစ္စတွင် သာစေမာစေရေး ပံ့ပိုးပေးခြင်း |
| ၁၀ | မြန်မာနိုင်ငံ အားလုံးအကျုံးဝင်မှုဆိုင်ရာ ဥပဒေမူဘောင်နှင့် မူဝါဒများကိုနားလည်ခြင်း |
| ၁၁ | တစ်ဦးချင်းစီ၏လိုအပ်ချက်များကို ဖြည့်ဆီးခြင်းဖြင့် ကျောင်းသူ/သားအားလုံးကို ပံ့ပိုးခြင်း |
| ၁၂ | ကျောင်းသူ/သားတို့ တွေ့ကြုံရသည့်အခက်အခဲများကို တိတိကျကျဖော်ထုတ်ခြင်း |
| ၁၃ | ကွဲပြားခြားနားမှုများရှိသော၊ မသန်စွမ်းသော သင်ယူသူများအားလုံးကို ပံ့ပိုးခြင်း |
| ၁၄ | အပြုသဘောဆောင်သည့်အမူအကျင့်ဖြစ်ထွန်းလာစေရန် ဆောင်ရွက်ခြင်း |
| ၁၅ | ကျောင်းသူ/သားများ သင်ယူမှု ပေါက်မြောက်ရေးအတွက် စစ်ဆေးအကဲဖြတ်ခြင်း |

## သင်ယူမှုဂျာနယ်

သင်ယူမှုဂျာနယ်ရှိကြောင်း၊ သင်ရိုးပိုင်းအတွက် မည်သို့ရည်ရွယ်အသုံးပြုကြောင်း သင်တန်းသူ/သားအားလုံး သတိမူမိ ကြပါစေ။ သင်တန်းသူ/သားစာအုပ်မှ ဂျာနယ်ကို အကောင်းဆုံးပြီးအောင်ရေးနည်းအကြံပြုချက်ကို ထောက်ပြပါ။ လုပ်ဆောင်ချက်အဖြေ အားလုံး ဂျာနယ်တွင်းရေးထားရပါမည်။ ပြန်လှန်သုံးသပ်မှုသည် သင်ယူမှုဖြစ်စဉ်၏ အရေးကြီးသောအပိုင်းတစ်ခုဖြစ်ကြောင်း၊ လုပ်အပ်သည့် လုပ်ဆောင်ချက် တစ်ခုဖြစ်ကြောင်း သတိချပ်ပါ။ သင်ရိုးပိုင်းတစ်လျှောက်လေ့လာရင်း စိတ်ဝင်စားဖွယ် စကားလုံး၊ စကားစု၊ ဝေါဟာရသစ်များကို သင်တန်းသားများ မှတ်သားကြပါစေ။

## လေ့လာနည်းအကြံပြုချက်

သင်ရိုးပိုင်းကို မည်ကဲ့သို့ပြီးအောင်လုပ်ရမည်ဖြစ်ကြောင်း ရှင်းပြရန်အရေးကြီးပါသည်။ သင်တန်းသူ/သားများမှ အချိန်ယူပြီး သင့်တော်သည့် အချိန်ဇယားတစ်ခုဆွဲကာ ဖြစ်နိုင်လျှင် လုပ်ဖော်ကိုင်ဖက်များနှင့် အဖြေတိုက်ရန်လိုပါသည်။ တွေးတော/တွဲဖက်/ဝေမျှသည့် think/pair/share နည်းလမ်းသည် သင်တန်းသူ/သားများ ပူးပေါင်းဆောင်ရွက်ရန်၊ အတွေးအမြင်ဖလှယ်ရန်၊ မေးခွန်းမေးရန်၊ လုပ်ထားသည်များစစ်ဆေးရန်နှင့် တုံ့ပြန်ဖြေကြားရန်နည်းလမ်းကောင်းတစ်ခု ဖြစ်ပါသည်။

## အားလုံးအကျုံးဝင် သင်ကြားရေးအလေ့အကျင့် CPD သင်ရိုးပိုင်း နောက်ခံအကြောင်း

သင်ရိုးပိုင်းများတွင် ပညာရေးအခင်းအကျင်းအားလုံးတွင် ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုကို ထင်ဟပ်သည့် အားလုံးအကျုံးဝင်မှု၊ ကျား/မသာတူညီမျှမှုနှင့် ၂၁ ရာစုကျွမ်းကျင်မှုဟူသော အဓိကအကြောင်းအရာ ၃ ခု ပါရှိပါသည်။ ဤအကြောင်းအရာများသည် သင်ရိုးညွှန်းတမ်းနယ်ပယ်အားလုံးတွင် အဓိကကျပြီး မြန်မာ့ပညာရေးမျှော်မှန်းချက်နှင့် ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးမှုအတွက်သာမက ကမ္ဘာ့အနာဂတ်အတွက်လည်း ပဓာန ကျလျက်ရှိပါသည်။

ဤသင်တန်းကို သင်တန်းသူ/သားများမှ သင်ကြားရေးဆိုင်ရာ၊ ကျောင်းသူ/သားများ၏သင်ယူမှုနှင့် ၎င်းတို့ကောလိပ် (သို့) ကျောင်းတို့၏ အကျုံးဝင်မှုအပေါ်သက်ရောက်မှုဆိုင်ရာ ၎င်းတို့၏ **ယုံကြည်ချက်နှင့် သဘောထားများ**ကို စိန်ခေါ်ခြင်းဖြင့် စိတ်ဝင်တစား ပါဝင်ဆွေးနွေးနိုင်အောင် စီစဉ်ရေးဆွဲထားပါသည်။ သင်တန်းဆရာ/မတစ်ဦးအနေဖြင့် သင်ရိုးပိုင်းတစ်လျှောက် တက်ရောက်သူများ၏ ယုံကြည်ချက်နှင့်သဘောထားများကို စိန်ခေါ်နိုင်မည်ဟု မျှော်လင့်ပါသည်။

သင်တန်းဆရာ/မအနေဖြင့် သင်တန်းအတွင်း အားလုံးအကျုံးဝင်မှုဆိုင်ရာ သင်ကြားရေးနည်းစနစ် အတော်များများကို ထည့်သွင်း အသုံးပြုရန်လည်း အရေးကြီးပါသည်။ တက်ရောက်သူများသည် ၎င်းတို့၏ စွမ်းရည်၊ စိတ်ဝင်စားမှုနှင့် ကျွမ်းကျင်မှုတို့ကို ထောက်လျှက် ၎င်းတို့လုပ်နိုင်သည့်နှုန်းဖြင့် လုပ်ကြပါစေ။

သင်ရိုးပိုင်းများတွင် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်များ မည်ကဲ့သို့ ဖန်တီးကြောင်း ကြည့်ကြပါမည်။ အားလုံးအကျုံးဝင် သင်ကြားမှုအလေ့အကျင့်ဖြင့် ကျား/မသာတူညီမျှမှုကို ပံ့ပိုးပုံ၊ ၂၁ ရာစုကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို အားပေးကြောင်း တွေ့ရပါမည်။

သင်ရိုးပိုင်းတစ်ခုချင်းတွင် သင်တန်းသူ/သားများ မိမိတို့ကြိုက်သည့် အမြန်နှုန်းဖြင့် လုပ်နိုင်သည့် လုပ်ဆောင်ချက်များ အစဉ်လိုက် ပါဝင်ပါသည်။ သင်ရိုးပိုင်းကိုလုပ်ပြီးလျှင် ပေးထားသောအဖြေများမှ အဖြေမှန်ရွေးသည့် ပဟေဠိတစ်ခုကို ဖြေရပါမည်။

## သင်ရိုးပိုင်း ၆ - သင်ယူမှုရလဒ်များ

**ဤသင်ရိုးပိုင်းကိုလေ့လာခြင်းဖြင့် အောက်ပါတို့ကို သင် လုပ်ဆောင်နိုင်ပါမည်။**

**၁. အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်၏ အခြေခံအကြောင်းအချက်များကို ဖော်ထုတ်ပြီး သုံးသပ် အကဲဖြတ်ခြင်း**

**၂. ကျောင်းသူ/သားအားလုံး ပါဝင်နိုင်အောင် နည်းဗျူဟာများ ဖော်ထုတ်ပြီးရှင်းပြခြင်း**

**၃. အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ကို ဖန်တီးရာတွင် ဆရာ/မတို့၏ဩဇာကို ဆွေးနွေးခြင်း**

**၄. သင်ယူသူအားလုံးအတွက် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ကို ဖန်တီးရန် အစီအစဉ်ဆွဲခြင်း**

**ထိရောက်စွာမေးခွန်းမေးခြင်း**နှင့် **တုံ့ပြန်ဖြေကြားခြင်း**ကို အသုံးပြုခြင်း၏ သက်ရောက်ပုံကို စဉ်းစားရာတွင် ဤ**ဆဋ္ဌမ** သင်ရိုးပိုင်းမှ ကူညီပေးပါမည်။ သင်ယူသူများဆောင်ရွက်မှုနှင့် အချိန်မှန်တိုးတက်မှုအကြောင်း ၎င်းတို့အချက်အလက်မှန်ကန်စွာ သိရှိစေရေးအတွက် မေးခွန်းမေးနည်းမျိုးစုံ၏ အကျိုးပြုပုံနှင့် တုံ့ပြန်ဖြေကြားသည့်စံပြပုံစံအဖုံဖုံတို့ကို စူးစမ်းထားပါသည်။

## သင်ရိုးပိုင်း ၆ မှလုပ်ဆောင်ချက်များအတွက် နောက်ထပ်ညွှန်ကြားချက်များ

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| ယခင်အသိပညာကို စစ်ဆေးအကဲဖြတ်ခြင်း | ပထမလုပ်ဆောင်ချက်တွင် သင်ရိုးပိုင်း ၅ ကိုပြန်နွှေးထားပါသည်။ ယခင်သင်ရိုးပိုင်း အကြောင်းအရာများကို သင်ယူသူများအားအမှတ်ရစေကာ ဤသင်ရိုးပိုင်းအတွက်ပြင်ဆင်ရာတွင် အရေးကြီးသည့် အချက်အလက်များကို ပြန်လည်အမှတ်ရစေပါသည်။ ပထမအကြိမ်လုပ်ပြီးလျှင် အဖြေတိုက်ရန် ယခင်သင်ရိုးပိုင်းကိုပြန်ကြည့်ပါစေ။ |
| နိဒါန်း | ဤသင်ရိုးပိုင်းသည် ထိရောက်သောမေးခွန်းထုတ်နည်းနှင့် သင့်တော်သည့်တုံ့ပြန်ဖြေကြားမှုတို့ အရေးပါပုံကို အဓိကထားပါသည်။ ယင်းတို့သည်သင်ယူသူတို့ စူးစမ်းလိုစိတ်နှင့် စိတ်ပါဝင်စားမှုကို ဖြစ်ပေါ်စေသည့် အတန်းစီမံခန့်ခွဲမှု၏ အရေးပါသည့်အပိုင်းများဖြစ်ပါသည်။ သင်ယူမှုဂျာနယ် သုံးခြင်း၊ မိမိ၏ သင်ကြားရေးအလေ့အကျင့်ကို ပြန်လည်သုံးသပ်ခြင်းတို့၏ အရေးပါပုံကိုလည်း ပြန်လည် သင်ကြားပေးပါသည်။ |
| လုပ်ဆောင်ချက် ၆.၁ မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း | အမှတ်ဆယ်ခုပါသည့် (၁-၁၀) စကေးကိုကြည့်စေကာ 'အားလုံးအကျုံးဝင်မှုအတွက် မေးခွန်းထုတ်ခြင်း'ကို မည်မျှကောင်းကောင်း နားလည်ကြောင်း သင်တန်းသားများအား မေးမြန်းပါ။ သင်တန်းသားတစ်ဦးချင်း ၎င်းတို့နှင့်အကိုက်ညီဆုံး ကိန်းဂဏန်းကိုရှာဖွေဖော်ထုတ်ရပါမည်။ ဖြစ်စဉ်၏ အစတွင်သာ ရှိသေးသောကြောင့် ၎င်းတို့ကို ကျွမ်းကျင်သူများအဖြစ် မျှော်လင့်မထားကြောင်း၊ သင်ရိုးပိုင်းအဆုံးတွင် ဤစကေးထံ ပြန်လာမည်ဖြစ်ကြောင်းသတိပေးပါ။ |
| ၂. မေးခွန်းမေးခြင်း | သင်ခန်းစာတိုင်း ကျောင်းသူ/သားအားလုံး တက်ရောက်မှု၊ ပါဝင်မှုအောင်မြင်မှုတို့ အရေးကြီးကြောင်း သင်တန်းသားများ သတိချပ်ကြရန်။ သင်ယူမှုကိုစစ်ဆေးအကဲဖြတ်ရာတွင်လည်းကောင်း၊ ကျောင်းသူကျောင်းသားများ၏ နားလည်မှုကိုတိုင်းတာရာတွင်လည်းကောင်း မေးခွန်းများသည် ဆရာ/မတို့အတွက် ထိရောက်သည့်နည်းလမ်းဖြစ်ပါသည်။ သင်တန်းသားများအား အုပ်စုငယ်များဖွဲ့စေပြီး ဆရာဆရာမများက တပည့်များအားမေးရန်သင့်တော်သော မေးခွန်းအမျိုးအစားများအကြောင်း အမြန်တွေးအမြန်ရေးကြပါစေ။ အဆင့်၊ အခက်အခဲ၊ ဘောင်ကျဉ်းသော သို့မဟုတ် ယေဘုယျသော မေးခွန်းဖြစ်သင့်မသင့် စဉ်းစားကြပါစေ။ |
| လုပ်ဆောင်ချက် ၆.၂ အပိတ်၊ အဖွင့်နှင့် ကွဲပြားခြားနားသည့် မေးခွန်းများကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း | မေးခွန်းမေးပုံသုံးမျိုးကို အုပ်စုလိုက်ကြည့်စေပြီး မည်သည့်အခါတွင် မည်ကဲ့သို့သုံးကြောင်း ဆွေးနွေးကြရန်။ ပေးထားသည့်ဖွင့်ဆိုချက်နှင့် မေးခွန်းအမျိုးအစား တွဲနိုင်ပါမည်လား။ အဖြေ ပေးပြီး အတွဲမှားခဲ့လျှင် အသိသညာများကိုပြန်နွှေးပါ။ သင်ယူမှုဂျာနယ်တွင် သင်တန်းသားများအား ကိုယ်ပိုင်အဓိပ္ပါယ်ဖွင့်ဆိုချက်များ မှတ်သားကြပါစေ။ |
| ၂.၂ - မေးခွန်း အမျိုးအစားများ | ကျောင်းသူကျောင်းသားများအား ၎င်းတို့၏အလားအလာကိုအပြည့်အဝရရှိရေးအတွက် ကူညီရာတွင် အားလုံးအကျုံးအဝင် အလေ့အကျင့် အရေးပါပုံ၊ အထူးသဖြင့် ၂၁ ရာစုကျွမ်းကျင်မှုများကို ဖန်တီးရာတွင် မေးခွန်းများသုံးပုံကို သင်တန်းသူ/သားများ သတိချပ်ကြပါစေ။ အချို့မေးခွန်း အမျိုးအစားများက ဆက်သွယ်ရေး၊ ဝေဖန်ပိုင်းခြားတွေးခေါ်မှုနှင့် ဖန်တီးနိုင်စွမ်းကို ဖွံ့ဖြိုးစေပါသည်။ |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| | သင်ရိုးပိုင်း ၃ တွင် ဆွေးနွေးခဲ့သည့် ဘလွမ်း၏ဇယား၊ အထူးသဖြင့် အနိမ့်ပိုင်းနှင့် အမြင့်ပိုင်း အတွေးအခေါ်စွမ်းရည်များကို ကြည့်ကြမည်ဖြစ်ကြောင်း သတိပေးပါ။ သင်တန်းသူ/သားတို့ (အချက်အလက်မှတ်သားရုံမျှဖြစ်သော) အနိမ့်ပိုင်းအတွေးအခေါ် ဥပမာ ၃ ခု၊ (ပိုမိုရှုပ်ထွေးသည့်အသိသညာများပါဝင်သော၊ ကျောင်းသူကျောင်းသားများ အသုံးချရာတွင် နားလည်မှုပိုမိုလိုအပ်သော) အမြင့်ပိုင်းမေးခွန်း ဥပမာ ၃ ခု ကို အုပ်စုဖွဲ့ပြီးပေးကြပါစေ။ သင်တန်းသားလမ်းညွှန်ရှိ မေးခွန်းဥပမာ ၂ ခုကို အတူတူစူးစမ်းကြရန်။ အပိတ်မေးခွန်းကို အထူးသဖြင့်ပြန်ကြည့်ပါ။ အပိတ်မေးခွန်း၏ အသွင်အပြင်လက္ခဏာများနှင့်အသုံးပြုပုံတို့ကို တစ်တန်းလုံး သုံးသပ်ကြပါစေ။ (သင်ခန်းစာအစတွင်)တစ်တန်းလုံးမှ နားလည်မလည် ဆရာ/မမှ မြန်မြန်ဆန်ဆန် သိလိုသောအခါ ပြန်ဖြေရန် အသုံးဝင်ကြောင်း ရှင်းပြပါ။ သို့ရာတွင် အတန်းထဲတွင် အပိတ်မေးခွန်းတစ်မျိုးတည်းကို အဘယ်ကြောင့် မသုံးသင့်ကြောင်း သင်တန်းသားများကို မေးမြန်းပါ။ |
| ၂.၃.၁ - အပိတ်မေးခွန်းများ အကြောင်း ဆွေးနွေးချက် | ဒေါ်သင်းသန်းနှင့် အာရှအကြောင်းပထဝီသင်ခန်းစာ ဖြစ်ရပ်လေ့လာချက်ကို ပြန်လှန်သုံးသပ်ပါ။ သုံးယောက်တစ်အုပ်စုဖွဲ့ပြီး ဆရာ/မနှင့်တပည့်များအကြား ပြောစကားကို သဏ္ဍာန်တူသရုပ်ဆောင်ပါ။ ပြီးလျှင် ဒေါ်သင်းသန်းမေးသည့် မေးခွန်းပုံစံမျိုးစုံကို သင်တန်းသားများအား ပြန်လည်သုံးသပ်စေပါ။ |
| လုပ်ဆောင်ချက် ၆.၃ - သံပြိုင်ဖြေဆိုခြင်း | အတန်းလိုက်သင်ကြားလျှင် ဆရာ/မက မေးခွန်းမေးသည့်အခါ (ဟုတ်/မဟုတ်) သံပြိုင်ဖြေဆိုစေလျှင် ပိုမိုရှင်းလင်းလွယ်ကူကြောင်း သတိမူကြပါစေ။ အသုံးဝင်သော်လည်း တပည့်အားလုံး အဖြေမှန်တစ်မျိုးတည်းကို ဖြေကြားနေပုံရသည့်အခါ မည်ကဲ့သို့ ယူဆနိုင်ပါသနည်း။ သင်ယူမှုဂျာနယ်တွင် ဒေါ်သင်းသန်း မှား/မမှား သင်တန်းသူ/သားတို့ပြန်လည်သုံးသပ်ကြရန်။ ၎င်းတို့ကိုယ်တိုင် သံပြိုင်ဖြေဆိုခိုင်းခဲ့ဖူးသည့် ကာလတစ်ခုကို ပြန်တွေးစေကာ မိမိမေးလိုက်သည့်မေးခွန်းကို ကျောင်းသူကျောင်းသားအားလုံး သေသေချာချာနားလည်မလည် မည်မျှသေချာကြောင်း မေးမြန်းပါ။ |
| လုပ်ဆောင်ချက် ၆.၄ - ဘလွမ်းဇယားအရ မေးခွန်းများကို စုစည်းခြင်း | သင်တန်းတစ်လျှောက် ပညာရေးနှင့်သင်ကြားမှုကို ဘလွမ်းဇယားအရ စူးစမ်းလေ့လာခဲ့ပြီ။ ပေးထားသည့်ဥပမာအရ သင်ကြားလေ့ရှိသော ကျွမ်းကျင်မှု ၆ ခုနှင့် ၎င်းတို့သည် အနိမ့်ပိုင်း (သို့) အမြင့်ပိုင်းအတွေးအခေါ်ဖြစ်ကြောင်း ၁၅ မိနစ်တာလုပ်ဆောင်ချက်ဖြင့် စူးစမ်းပါ။ နှစ်ယောက်တွဲ ပြန်လည်သုံးသပ်ကြပါစေ။ အဖြေများကို သင်တန်းသားအားလုံးစုပေါင်းဆွေးနွေးချက်တွင် စူးစမ်းကာ ထွက်ပေါ်လာသည့် မေးခွန်းများ၊ သိလိုသည်များကို ပြန်လှန်ဆွေးနွေးပါ။ |
| ၂.၃.၃ - အဖွင့်မေးခွန်းများ<br><br>လုပ်ဆောင်ချက် ၆.၄ - အပိတ်၊ အဖွင့်နှင့်ကွဲပြားခြားနားမေးခွန်းများကို သုံးသပ်ခြင်း | အဖွင့်မေးခွန်းများသည် အပိတ်မေးခွန်းများနှင့်မတူဘဲ ပိုမိုနက်နဲသည့် ဉာဏ်ပညာပိုင်းဆိုင်ရာ အသိသညာများနှင့်တွေးခေါ်မှုတို့ကို ထွန်းကားစေသောကြောင့် ၂၁ ရာစုတွင်အရေးပါကြောင်း သင်တန်းသားများအား ရှင်းပြပါ။ ၎င်းတို့ကို အုပ်စုလိုက်၊ နှစ်ယောက်တွဲနှင့် တစ်ဦးချင်း အနေအထားများတွင် သုံးနိုင်ပြီး 'ဘယ်လို' 'ဘယ်သူ' 'ဘယ်တော့' 'ဘာကြောင့်' 'ဘာ' ဟူသည့်အကြောင်းအရာများကို စူးစမ်းနိုင်ပါသည်။ ဤကဲ့သို့ အမြင့်ပိုင်းအဖွင့်မေးခွန်းများထိထိရောက်ရောက်သုံးရန် ကြိုတင်ပြင်ဆင်စီစဉ်ထားရန်လိုအပ်ကြောင်းသတိချပ်ကြပါစေ။ သင်တန်းသားအားလုံးအား လုပ်ဆောင်ချက် ၆.၄ ကို ကြည့်စေပြီး မိမိတို့သည် ဆရာ/မများအနေဖြင့် အားလုံးအကျုံးဝင်သည့် အပြုသဘောဆောင်သင်ယူမှုဝန်းကျင် ပေါ်ထွန်းလာရေးအတွက် မေးခွန်းများကိုမည်သို့မေးသည်ကို စဉ်းစားကြပါစေ။ အစဖော်ထောက်ပေးသည့် အချက်များကိုကြည့်ပြီး သင်ယူမှုဂျာနယ်တွင် ၎င်းတို့၏အတွေးများကို ရေးသားကြရန်။ ဆရာ/မနှင့်သင်ယူသူသုံးယောက်ဥပမာကို ဆက်သွားကြပါစေ။ သင်တန်းသား |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| | တစ်ဦးအား ဆရာ/မလုပ်စေပြီး အခြားသူသုံးဦးအား ကျောင်းသားများလုပ်ကြပါစေ။ ဆရာ/မက အပိတ်အဖွင့်မေးခွန်းနှစ်မျိုးလုံး ဘာကြောင့်အသုံးပြုကြောင်း သုံးသပ်ကြပါစေ။ |
| လုပ်ဆောင်ချက် ၆.၆ - အဖွင့် (သို့) အပိတ် မေးခွန်း မေးခြင်း | အုပ်စုငယ်များဖွဲ့လျက် လုပ်ဆောင်ချက် ၆.၅ အဖွင့်အပိတ်မေးခွန်းအကြောင်း လုပ်ကြရန်။ ပြီးလျှင် ထိုမေးခွန်းများသုံးခြင်း၏ အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးကြပါစေ။ သင်ပုန်းပေါ်တွင် အားသာချက်၊ အားနည်းချက်များ ရေးချပါ။ ကျောင်းသူ/သားများအား ၎င်းတို့၏ထင်မြင်ချက်များကို အပြည့်အဝဖြင့် အကြောင်းပြစေနိုင်သောကြောင့် လုပ်ဆောင်ချက်တစ်ခုအတွင်း မေးခွန်းနှစ်မျိုးလုံး သုံးနိုင်ကြောင်း အလေးထားရှင်းပြပါ ၂.၃.၄ မှ ကွဲပြားခွဲခြားသည့်မေးခွန်းဥပမာကို ကြည့်ပြီး သင်တန်းသားများအား အမြင့်ပိုင်းမေးခွန်းများကိုဖတ်ပြပြီး ယင်းတို့သည် ဖြေရန်ပိုလွယ် (သို့) ပိုခက်မခက် မေးမြန်းပါ။ |
| လုပ်ဆောင်ချက် ၆.၇ - အတန်းတွင်းမေးခွန်း အမျိုးအစားနှင့် မေးမြန်းသည့် ကြိမ်နှုန်း အကြောင်း သုတေသန | မေးခွန်းမေးမြန်းဖြေဆိုရာတွင် အသွားအပြန်ရှိကြောင်း၊ သင်ယူသူတို့ ဆရာ/မကိုပြန်မေးရန် အားပေးသင့်ကြောင်း သင်တန်းသားများအားရှင်းပြပါ။ အမှားများကို စိတ်လိုလက်ခြိခြိဖြင့် စူးစမ်းနိုင်မှု၏ အရေးကြီးပုံ၊ ညံ့ဖျင်းသည့် (သို့) ဆိုးဝါးသည့် မေးခွန်းဟူ၍မရှိကြောင်းကို သင်တန်းသားများအား သတိချပ်စေပါ။ ကျောင်းသူ/သားများ မှားမှာမကြောက်ဘဲ မေးခွန်းမေးနိုင်သည့်စာသင်ခန်းကို သင်တန်းသားအားလုံး ကြိုးစားဖော်ဆောင်သင့်ပါသည်။ ရစ်ချတ်ဖန်နီးမန်း၏ အဆိုကို သင်တန်းသူ/သားတစ်ဦးအား ဖတ်ကြားပါစေ။<br>လုပ်ဆောင်ချက် ၆.၆ မှ အသေးစားလုပ်ဆောင်မှုသုတေသနကို အတူတူလုပ်ကြရန်။ နောက်ပိုင်း လုပ်ဖော်ကိုင်ဖက်တစ်ဦး၏သင်ကြားရေးကို ကြည့်ရှုလေ့လာသည့်အခါ အပြီးလုပ်ရပါမည်။ သို့မဟုတ် သင်ခန်းစာအစီအစဉ်တစ်ခုကို သဏ္ဍာန်တူသရုပ်ဆောင်ပြီး ဇယားတွင်ဖြည့်နိုင်ပါသည်။<br>လူပြန်စုပြီး မေးခွန်း အမျိုးအစားနှင့်အရေအတွက်အကြောင်း လေ့လာသုံးသပ်ကြရန်။ မေးခွန်းကို ကွဲပြားခြားနားအောင်မေးခြင်း ရှိမရှိသုံးသပ်ပြီး ၎င်းတို့သင်ကြားရေးအလေ့အကျင့်အတွက် အကျိုးရှိမည့် မှတ်သားစရာများ သင်တန်းသူ/သားတို့ ရရှိသွားခြင်းရှိမရှိမေးမြန်းပါ။ |
| ၃. လုပ်ဆောင်မှု သုတေသနမိတ်ဆက် | ယခင်လုပ်ဆောင်ချက်မှာ အသေးစားသုတေသနလုပ်ငန်း နမူနာဖြစ်ကြောင်း သင်တန်းသူ/သားတို့ သတိမူကြပါစေ။ ထိုလုပ်ဆောင်ချက်မျိုးသည် စာသင်ခန်းအလေ့အကျင့်ကို ပိုမိုကောင်းမွန်တိုးတက်စေပုံကို ရှင်းပြပါ။ အုပ်စုငယ်များဖြင့် လုပ်ဆောင်မှုသုတေသနစက်ဝန်းပါ အခြေခံအချက် ၅ ချက်ကို နံပါတ်စဉ် တပ်ကြပါစေ။ အခြေခံအချက်အားလုံးကို သင်ယူမှုဂျာနယ်တွင် ရေးမှတ်ကြရန်။ |
| လုပ်ဆောင်ချက် ၆.၈ မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း | အားလုံးအကျုံးဝင်စေမည့်မေးခွန်းမေးနည်းကို ဦးတည်ဆွေးနွေးသည့် ဤအတန်းကို သင်တန်းသူ/သား တစ်ဦးချင်း မိမိကိုယ်မိမိ စကေးအရ ပြန်လည်သုံးသပ်ခြင်းဖြင့် အဆုံးသတ်ပါ။ မိမိကိုယ်မိမိ မည်မျှယုံကြည်စိတ်ချကြောင်းသုံးသပ်ကာ အမှတ်များကို နှိုင်းယှဉ်ဆွေးနွေးကြပါစေ။ |
| ၄. ထိရောက်သော တုံ့ပြန်ဖြေကြားမှု<br><br>လုပ်ဆောင်ချက် ၆.၉ - တုံ့ပြန်ဖြေကြားမှု | တုံ့ပြန်ဖြေကြားမှု သဘောတရားကို သင်တန်းသူ/သားတို့ ပြန်လည်သုံးသပ်ခြင်းဖြင့် စတင်ပါ။ အတန်းတွင်း အချင်းချင်းယုံကြည်မှု ရှိရန်လိုကြောင်း၊ ယခင်သင်ရိုးပိုင်းများကို အခြေပြုလျက် အတန်းတွင်း ယုံကြည်မှုအတွက် ခိုင်မာသောအခြေခံကို တည်ဆောက်စေနိုင်မည်ဖြစ်ကြောင်း ရှင်းပြပါ။ လုပ်ဆောင်ချက် ၆.၇ကို အုပ်စုခွဲကြည့်ကြပါစေ။ လုပ်ဆောင်ချက်အဆင့်ဆင့်ကိုရှင်းပြပြီး အရေးအကြီးဆုံးအဆိုမှ အရေးမကြီးဆုံးအဆိုထိ အဆင့်သတ်မှတ်ကြရန်။ ထို့နောက် အဆင့်သတ်မှတ်ရခြင်းအကြောင်းရင်းကို မိနစ် ၂၀ မျှ ပြန်လည်သုံးသပ်ကြရန်။ |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| အဆိုများကို အဆင့် သတ်မှတ်ခြင်း | |
| လုပ်ဆောင်ချက် ၆.၁၀ - တုံ့ပြန်ဖြေကြားမှု အရေးပါပုံ | ဤလုပ်ဆောင်ချက်သည် တုံ့ပြန်ဖြေကြားမှု၏ အရေးပါပုံကို မိတ်ဆက်ပေးပါသည်။ သင်တန်းသူ/သားတို့ တုံ့ပြန်ဖြေကြားမှုအကြောင်း ဗီဒီယိုကားတိုကိုကြည့်ပြီး သင်ယူမှုဂျာနယ်တွင် မှတ်စုရေးကြပါစေ။ တုံ့ပြန်ဖြေကြားမှုအကြောင်း မေးခွန်းများဖြေဆိုကြပါမည်။ လူပြန်စုပြီး အဖြေကိုပြန်လည်သုံးသပ်ကာ မေးစရာရှိမရှိစူးစမ်းပါ။ သင်ယူမှုဂျာနယ်တွင် တုံ့ပြန်ဖြေကြားမှုကြောင့် ဘာ၊ ဘယ်သူက ဘယ်လို အကျိုးရှိကြောင်း ဇယားဆွဲကြပါစေ။ |
| ၄.၁ ဘယ်လို စလုပ်မှာလဲ<br><br>လုပ်ဆောင်ချက် ၆.၁၁ - တုံ့ပြန်ဖြေကြားမှု အဆိုများကို အဆင့် သတ်မှတ်ခြင်း | ထိရောက်သော တုံ့ပြန်ဖြေကြားမှု အရေးပါပုံနှင့် ပညာရေးရလဒ်အပေါ် အပြုသဘောဆောင်သက်ရောက်ပုံကို သင်တန်းသူ/သားတို့ သတိမူကြပါစေ။ ကျောင်းသူ/သားများကိုယ်တိုင် တုံ့ပြန်ဖြေကြားကာ ပါဝင်သင်ယူနေသော်လည်း ဆရာ/မက ယုံကြည်မှုရှိသည့် ဝန်းကျင်တစ်ရပ် ဖန်တီးပေးရန် အရေး တကြီးတာဝန်ရှိပါသည်။ တာဝန်ယူ တုံ့ပြန်ဖြေကြားစေနိုင်မည့် အကြံပြုချက် ၆ ချက်ကို ဝိုင်းကြည့်ကြပါ။ အကြံပြုချက်အပေါ် သုံးသပ်မှု၊ ကောက်ချက်ချမှုများ ပြုကြရန်နှင့် ဝေမျှလိုသည့် နောက်ထပ်အကြံပြုစရာရှိမရှိ မေးမြန်းပါ။ တုံ့ပြန်ဖြေကြားမှုအကြောင်း အဆိုများ တွဲပေးရသည့် လုပ်ဆောင်ချက် ၆.၉ ကိုကြည့်ကြရန်။ အုပ်စုဖွဲ့လိုက်ဆွေးနွေးဖြေကြားရန် မိနစ် ၂၀ ခန့်အချိန်ရပါမည်။ |
| ၄.၁.၂ - အပြုသဘော ဆောင် စတင်ပြီး တိတိကျကျ ပြောပါ | သင်တန်းသူ/သားတစ်ဦးချင်း ကျောင်းသူ/သားများအား တုံ့ပြန်ဖြေကြားခဲ့သည့် ကာလတစ်ခုအားပြန်တွေးကြပါစေ။ ၎င်းတို့သုံးခဲ့သည့် အဆိုအမျိုးအစားများကိုပြန်လည်သုံးသပ်ကြရန်။ ယေဘုယျပြောခဲ့ပါသလား၊ မှန်မှန်ကန်ကန် ဖြေကြားခဲ့ပါသလား။ ယဉ်ကျေးမှု၏လွှမ်းမိုးမှုကြောင့် အမှားကိုအာရုံစိုက်လေ့ရှိပြီး အပြုသဘောမဆောင်ဘဲ တုံ့ပြန်ဖြေကြားမိတတ်ပါသည်။ အကောင်းနှင့်စတင်ပြီး ဆိုးကွက်ကို နောက်မှပြောလျှင် ပိုမိုနားဝင်ပြီးလုပ်ဆောင်ကြကြောင်း အထောက်အထားအရ တွေ့ရပါသည်။ သင်တန်းသူ/သားတစ်ဦးက ဆရာ/မအဖြစ် သဏ္ဍာန်တူသရုပ်ဆောင်ပြီး တုံ့ပြန်ဖြေကြားပါစေ။ ထိရောက်သောဖြေကြားခြင်း ဟုတ်မဟုတ်နှင့် မည်ကဲ့သို့ ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း တစ်တန်းလုံးသုံးသပ်ကြပါစေ။ အပြုသဘောဆောင်ပြီး တုံ့ပြန်ဖြေကြားရန် အကြံပြုချက်များကို ပြန်ကြည့်ကြရန်။<br>(၄.၁.၃) နိုင်နှင့်ဆရာမအကြောင်းဖြစ်ရပ်လေ့လာချက်ကို ဆက်ဖတ်ပြီး အဘယ်ကြောင့် ဤဥပမာသည် ပိုမိုထိရောက်ကြောင်း သင်တန်းသားများ သုံးသပ်ကြပါစေ။ အပြုအမူပြောင်းလဲမှုနှင့် တာဝန်ယူဖြေကြားမှုကို အာရုံစိုက်ထားသည့် နောက်ထပ်ဖြစ်ရပ်လေ့လာချက်နှစ်ခုကို ဆက်လုပ်ပါ။ ဖြစ်ရပ်လေ့လာချက်များတွင် တွေ့ရှိရသော ကောင်းကွက်ဆိုးကွက်များ၊ ၎င်းတို့လေ့လာခဲ့သည်များကို သင်ယူမှုဂျာနယ်တွင် မှတ်သားကြပါစေ။ |
| ၄.၂ ဖုံးကွယ်မှုရှိသော တုံ့ပြန်ဖြေကြားမှုများ | တုံ့ပြန်ဖြေကြားမှု သင်ရိုးပိုင်း အဆုံးနားရောက်လာပြီး ဆရာ/မတို့အတွက် တုံ့ပြန်ဖြေကြားမှု အခန်းကဏ္ဍ၏ အရေးပါပုံကို သင်တန်းသူ/သားတို့က ပိုမိုနားလည်လာသည်ကိုတွေ့ရကြောင်း အသိအမှတ်ပြု ပြောကြားပါ။ သို့သော် တုံ့ပြန်ဖြေကြားမှုတွင် ဖုံးကွယ်မှုရှိတတ်ပြီး ဆရာ/မတို့သည် အပြုသဘောဆောင်ရန်လိုအပ်သော်လည်း တုံ့ပြန်ဖြေကြားမှုများကို ကျောင်းသူ/သားများ မိမိရရနားလည်စေရန် မိမိတို့တွင်တာဝန်ရှိကြောင်း သင်ရိုးပိုင်းကိုအဆုံးမသတ်မီ ရှင်းပြပါ။ အပြုံးမျက်နှာ၊ လက်မထောင်ခြင်း၊ အစိမ်းရောင်အမှန်ခြစ်စသည်ဖြင့် ရိုးရိုးရှင်းရှင်းတုံ့ပြန်နည်းများ၏ နောက်ကွယ်တွင် ပိုမိုရှုပ်ထွေးသည့်တုံ့ပြန်ဖြေကြားမှုများကြောင့် ကျောင်းသူ/သားများ စိတ်အားလျော့ခြင်း၊ ကောင်းကောင်း |

| **လုပ်ဆောင်ချက်** | **ထပ်မံစဉ်းစားဖွယ်အချက်များ** |
|---|---|
| | မလုပ်နိုင်ခဲ့ဟုခံစားရခြင်းတို့လည်း ရှိနိုင်ပါသည်။ နေ့စဉ်သင်ယူမှုတွင် အမှားမကင်းကြောင်း၊ အမှားများကို တပည့်များနှင့် ဂုဏ်ယူဝင့်ကြွားကြရန် အရေးကြီးကြောင်း သတိချပ်ကြပါစေ။ ထိရောက်သောတုံ့ပြန်ဖြေကြားမှုအကြောင်း ၁၀ မိနစ်မျှ တစ်တန်းလုံး ပြန်လှန်သုံးသပ်ကြရန်။ |
| နိဂုံး | မေးခွန်းမေးပုံအမျိုးမျိုး၊ အနိမ့်ပိုင်းနှင့် အမြင့်ပိုင်းမေးခွန်းများ၊ လုပ်ဆောင်မှုသုတေသန၊ ပြန်လည်သုံးသပ်မှုအလေ့အကျင့်တွင် ၎င်း၏ကဏ္ဍတို့ကို ပြန်နွှေးလျက် နိဂုံးချုပ်ပါ။ တုံ့ပြန်ဖြေကြားမှုအဆင့်ဆင့်နှင့် ထိရောက်သောတုံ့ပြန်ဖြေကြားမှုတို့လည်း ပါဝင်ပါသည်။ |
| သင်ရိုးပိုင်း ၆ ပဟေဠိ | သင်ရိုးပိုင်း ၆ ပဟေဠိကို အဖြေညှိကြပါမည်။ အတူတူအဖြေတိုက်ကြပြီး မရှင်းသေးသည့်အဖြေများပြန်ကြည့်ကြရန် သင်တန်းသားများကို အားပေးပါ။ |
| လုပ်ဆောင်ချက် ၆.၁၂ သင်ကြားသင်ယူ ရေးကို ပိုမိုတိုးတက်ကောင်းမွန် စေခြင်း | သင်တန်းသူ/သားတို့၏ သင်ကြားရေးအလေ့အကျင့် ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ဤလုပ်ဆောင်ချက်က လမ်းဖွင့်ပေးထားပါသည်။ မိမိအတန်းမှ သင်ယူသူများအတွက် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ဖန်တီးမှုကို ဌာနမှူးက ပြန်လည်သုံးသပ်စေပါသည်။ သင်ခန်းစာတွင် သင်ယူသူအားလုံးအား မေးခွန်းမေးမမေး၊ တုံ့ပြန်ဖြေကြားမှု ရှိမရှိ သင်တန်းသူ/သားများ သုံးသပ်ကြရန်။ သဏ္ဍာန်တူသရုပ်ဆောင်ပြီး တစ်တန်းလုံးကို အတွေ့အကြုံများ ပြန်ပြောပြကြရန် ဖိတ်ခေါ်ပါ။ မည်မျှစိတ်ချလက်ချ တုံ့ပြန်ဖြေကြားနိုင်ကြောင်း မေးမြန်းပါ။ သင်ယူမှုဂျာနယ်တွင် မှတ်သားကြပါစေ။ |
| လုပ်ဆောင်ချက် ၆.၁၃ - ဒုတိယအကြိမ် မိမိကိုယ် မိမိ စစ်ဆေး အကဲဖြတ်ခြင်း | ဤစစ်ဆေးမှုက ပထမအကြိမ်စစ်ဆေးမှုနှင့် ထပ်တူဖြစ်ပါသည်။ မိမိကိုယ်ကို မည်မျှယုံကြည်စိတ်ချကြောင်း ပြန်လည်သုံးသပ်စေပြီး အမှတ်ချင်းနှိုင်းယှဉ်ဆွေးနွေးကြပါစေ။ |
| ဆင္ဒမကတိ | သင်ရိုးပိုင်း ၆ မှ သိရှိမှတ်သားသွားမည့် အချက်တစ်ချက်ကို သင်တန်းသူ/သားများအား စဉ်းစားစေပြီး မည်သည့်အရာကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်မည်ဖြစ်ကြောင်း တပည့်များအား သင်တန်းသူ/သားများက ကတိကဝတ်ပြုကြပါစေ။ ထိုကတိအား သုံးသပ်အကဲဖြတ်စေပြီး (သီတင်းပတ်---ပတ်ပြီးနောက်) ပြောင်းလဲမှုများကို မှတ်သားစေပါ။ ပြောင်းလဲမှုက သင်ကြားသင်ယူမှုအပေါ် သက်ရောက်မှုနှင့် မိမိအနေဖြင့်ပိုမိုတိုးတက်ကောင်းမွန်ရန် မည်သို့ ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း ပြန်လည်သုံးသပ်ကြပါစေ။ သင်တန်းသူ/သားများအား သင်ယူမှုဂျာနယ်တွင် ‘ကတိများ’ ဟူသည့် အပိုင်းတစ်ခု ထားကြရန် အားပေးပါ။။ စုစုပေါင်း ကတိ ၁၅ ခု ရှိပါမည်။ |

## သင်ရိုးပိုင်း ၆ အဆုံးသတ်ပဟေဠိ အဖြေ

အဖြေကို**စာလုံးအမည်းရင့်**ဖြင့်ပေးထားသည်။

မေးခွန်း ၁ - အဖွင့်မေးခွန်းနှင့်အပိတ်မေးခွန်း မည်ကဲ့သို့ခြားနားပါသနည်း။ (တစ်ခုရွေးရန်)

က) အဖွင့်မေးခွန်းများကို စီစဉ်ထားရန်မလိုပါ။ အပိတ်မေးခွန်းများကို စီစဉ်ထားရန်လိုပါသည်။

ခ) အဖွင့်မေးခွန်းများကို စာအရဆုံး ကျောင်းသူ/သားများက ဖြေဆိုနိုင်ကြပါသည်။ အပိတ်မေးခွန်းကို စာမရဆုံး ကျောင်းသူ/သားများကသာ ဖြေဆိုနိုင်ကြသည်။

**ဂ) အဖွင့်မေးခွန်းဖြင့် မည်သည့်ကျောင်းသူ/သား၏ အသိပညာနှင့်နားလည်မှုကိုမဆို ပိုမိုနက်နဲစွာစူးစမ်းနိုင်ပါသည်။ အပိတ်မေးခွန်းဖြင့် အပေါ်ယံနားလည်မှုကိုသာ ယေဘုယျအားဖြင့် သိရှိနိုင်ပါသည်။**

ရှင်းလင်းချက် - စာသင်ခန်းတွင်း မေးခွန်းနှစ်မျိုးလုံး အရေးကြီးပါသည်။ ကျောင်းသူ/သားများ၏ အသိပညာနှင့် နားလည်မှုကို သေသေချာချာနှင့် ပိုမိုနက်နဲစွာစူးစမ်းရာတွင် အဖွင့်မေးခွန်းများဖြစ်သည့် 'ဘာကြောင့်'နှင့် 'ဘယ်လို'တို့ကို သုံးနိုင်ပါသည်။ အကြောင်းအရာတစ်ခုကို ဥပမာအားဖြင့် ကျောင်းသူ/သားများ 'အမှန်' (သို့)'အမှား' 'အဖြူ' (သို့) 'အမည်း' ထင်ကြောင်းကို မြန်မြန်ဆန်ဆန်သိရှိရန် အပိတ်မေးခွန်းများသုံးနိုင်ပါသည်။ အပိတ်မေးခွန်းများဖြင့် ကျောင်းသူ/သားများ၏ အသိပညာနှင့်နားလည်မှုကို ဆရာ/မများ အနည်းအကျဉ်းမျှသာ နားလည်နိုင်ပါသည်။

မေးခွန်း ၂ - ကျောင်းသူ/သားများကို မေးခွန်းများကွဲပြားအောင်အဘယ်ကြောင့်ခွဲခြားမေးမြန်းရန်အရေးကြီးပါသနည်း။ (တစ်ခုရွေးရန်)

က) ညီမျှမှု - ကျောင်းသူ/သားအားလုံးကို တစ်ပြေးညီဆက်ဆံသင့်ပါသည်။

ခ) အချို့ကျောင်းသူ/သားများသည် လွယ်ကူသည့် မေးခွန်းများကိုသာ ဖြေဆိုလိုကြပါသည်။

**ဂ) ကျောင်းသူ/သားအားလုံးက မိမိကျွမ်းကျင်မှုလျောက် မေးခွန်းဖြေဆိုနိုင်ရန်ဖြစ်ပါသည်။**

ရှင်းလင်းချက် - ကွဲပြားခွဲခြားသည့်မေးခွန်းများသည် ခေါင်းစဉ်တစ်ခုအတွက် ကျောင်းသူ/သားများအား ၎င်းတို့တစ်ဦးချင်း နှင့် ကိုက်ညီသော အဆင့်ရှိ အသိပညာနှင့်နားလည်မှုကိုပြသစေနိုင်ပါသည်။ မေးခွန်းကလွယ်လွန်းလျှင် ကျောင်းသူ/ သားသည် မိမိ၏ကျွမ်းကျင်မှုကို မပြသနိုင်သောကြောင့် စိတ်ဝင်စားတော့မည်မဟုတ်ပါ။ အလားတူစွာ မေးခွန်းက ခက်လွန်းလျှင်လည်း ကျောင်းသူ/သားတို့ မမှီမကမ်းဖြစ်ပြီး မေးခွန်းများကို ဆက်လက်ကြိုးစားဖြေဆိုတော့မည်မဟုတ်ပါ။

မေးခွန်း ၃ - ကောင်းမွန်စွာတုံ့ပြန်ဖြေကြားနိုင်စေရန် အောက်ပါတို့အနက် မည်သည်ကပဓာနကျပါသနည်း။ (နှစ်ခုရွေးပါ)

က) လုပ်ဆောင်ချက်တွင်ကောင်းကောင်းလုပ်နိုင်သည့်အချက်ကိုသာဖြေကြားရန်လိုပါသည်။

**ခ) လုပ်ဆောင်ချက်အပြီး မကြာမီတုံ့ပြန်ဖြေကြားရန်လိုပါသည်။**

**ဂ) လုပ်ဆောင်ချက်အပြီး 'ဘာကို' 'ဘယ်လို'တိုးတက်အောင်လုပ်နိုင်ရေးဖြေကြားပေးပါသည်။**

ရှင်းလင်းချက် - လုပ်ဆောင်ချက်မည်သည့်အဆင့်တွင်မဆို တုံ့ပြန်ဖြေကြားနိုင်ပါသည်။ သင်ယူစဉ် (သို့) သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်းဖြစ်နိုင်ပါသည်။ လုပ်ဆောင်ချက်အပြီး မြန်မြန်ဆန်ဆန် တုံ့ပြန်ဖြေကြားခြင်းဖြင့် အဆင်ပြေခဲ့သည့်အရာ၊ ပိုမိုကောင်းမွန်တိုးတက်အောင် လုပ်ရမည့်အရာနှင့် မည်ကဲ့သို့ပိုမိုကောင်းမွန်တိုးတက်အောင်လုပ်နိုင်ကြောင်း ကျောင်းသူ/ သားများ ဖော်ထုတ်နိုင်ပါမည်။ တုံ့ပြန်ဖြေကြားရာတွင် အကောင်းမြင်ပြီး အပြုသဘောဆောင်ရန်လိုအပ်ပါသည်။

မေးခွန်း ၄ - ထိရောက်သောတုံ့ပြန်ဖြေကြားပေးခြင်း၏ အကျိုးကျေးဇူးမှာ အဘယ်နည်း။ (သုံးခုရွေးပါ)

**က) သင်ယူသူသည် မိမိအားလက်ခံကြောင်း၊ မိမိ၏အားထုတ်မှုကို အသိအမှတ်ပြု တန်ဖိုးထားကြောင်း ခံစားရပါသည်။**

ခ) နှစ်အကုန်တွင် ဆရာ/မက တပည့်များအား ရာနှုန်းပြည့်ပေါက်မြောက်အောင်မြင်မှုကို ရစေပါမည်။

**ဂ) လုပ်ဆောင်ချက်ကို စိတ်ခံစားမှုဖြင့်နှစ်မြှုပ်ပြီးလုပ်ရာတွင် မိမိကိုယ်မိမိတန်ဖိုးထားမှု၊ အလေးဂရုပြုမှုတို့ တိုးတက်မြင့်မားလာပါသည်။**

ဃ) ဆရာ/မများသည် ၎င်းတို့၏တာဝန်တစ်ရပ်ကို စာသင်ခန်းအတွင်း ပေါက်မြောက် အောင်မြင်စွာ ဆောင်ရွက်ခြင်းဖြစ်ပါသည်။

**င) မည်သည့်အမှားမျိုးမှမဆို သင်ယူရန် ကျောင်းသူ/သားများ မိမိကိုယ်ကို ယုံကြည်စိတ်ချပါသည်။**

ရှင်းလင်းချက် - ထိရောက်စွာတုံ့ပြန်ဖြေကြားခြင်းဖြင့် ကျောင်းသူ/သားများအား မိမိကိုယ်မိမိ ပိုမိုယုံကြည်လာပြီး တန်ဖိုးထားလာစေပါမည်။ အဆင်ပြေခဲ့သည့်အရာ၊ ပိုမိုကောင်းမွန်တိုးတက်အောင်လုပ်ရမည့်အရာတို့ကို ဖော်ထုတ်ခြင်းဖြင့် တိုးတက်အောင် လုပ်နည်းများကို တိတိကျကျ ဦးတည်စူးစိုက်စေနိုင်ပါမည်။ ဆရာ/မက ကျောင်းသူ/သားများ၏ တိုးတက်မှုကို သေသေချာချာ မှန်မှန်စစ်ဆေးခြင်းဖြင့် တစ်သမတ်တည်း တိုးတက်စေပြီး အမှားများမှလည်း သင်ယူစေနိုင်ပါမည်။